စိတ်ကူးချို့ချို့အနုပညာ



ကလေးများအတွက် အသင့်တော်ဆုံး ကြိုက်နှစ်သက်စရာ ကမ္ဘာ့ပုံပြင်များ

ကလေးကြိုက် ကမ္ဘာ့ပုံပြင်များ

တီချယ်လိုင်

mgyce.com



ကလေးကြိုက် ရှေးပုံပြင်များ

တီချယ်လိုင်

ကလေးများအတွက် အသင့်တော်ဆုံးနှင့် ကြိုက်နှစ်သက်စရာ
အကောင်းဆုံးဖြစ်စေမည့် ကမ္ဘာ့ပုံပြင်များကို အထူးရွေးချယ်ပြန်ဆို
စုစည်းထား၍ သင့်ကလေးအတွက် အကောင်းဆုံးအဖော်မွန်၊
အကောင်းဆုံးလက်ဆောင် ဖြစ်ပါလိမ့်မည်။

MMG0066
2,500.00 KS

mgyce.com

mgyoe.com

ကလေးကြိုက်ရွေပုံပြင်များ
မျက်နှာဖုံး - နိုင်ဝွန်အား
စာမျက်နှာ ၁၇၈ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ဘပင်လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ဘဂျာ၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

ကလေးကြိုက်ရွှေပုံပြင်များ

တီချယ်လှိုင်

ပထမအကြိမ် ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ကလေးကြိုက် ရွှေပုံပြင်များ

တီခွန်လိုင်

မာတိကာ

၁။	ညီယူဖမ်းစားတဲ့ မြင်း	၂
၂။	မြေခွေးနဲ့ ကျီးအေ	၁၆
၃။	ရဲမယ်စတီလ်စကင်	၂၂
၄။	စွန်၊ ဖားပြုပ်နှင့် ကြွက်	၂၈
၅။	တစ်ကိုယ်ကောင်းဆန်တဲ့ လူသန်ကြီး	၃၀
၆။	ရိုင်းစိုင်းတဲ့ ငန်းများ	၄၂
၇။	ပျင်းရိသော လိပ်	၄၄
၈။	ကပ်စေးနဲ့ရဲ့ ဌေး	၅၁
၉။	မုန့်ဖုတ်သမား မုန့်ဖုတ်သမားရဲ့သားနဲ့ မြည်းတစ်ကောင်	၅၆
၁၀။	ဖိနပ်ချုပ်တဲ့ နတ်	၆၃
၁၁။	မြေခွေးနဲ့ ငှက်ကျား	၆၂
၁၂။	မြင်းစာကြက်ထဲက ငွေး	၆၄
၁၃။	ဘက်ဂျီလာ့ ရဲတိုက်ကြီး	၇၁
၁၄။	မနင်းပြု	၉၀
၁၅။	မြို့ကြီးသား ကြွက်နှင့် ကျေးတောသား ကြွက်	၁၀၄
၁၆။	မြေခွေးနဲ့ ဆိတ်	၁၀၆
၁၇။	ပျား ပျားထိုးနဲ့ နကျယ်	၁၀၈
၁၈။	မြေခွေးနဲ့ ခြင်္သေ့	၁၀၉
၁၉။	စစ်မြင်းနဲ့ မြည်း	၁၁၀
၂၀။	ရက်ဝပန်ဇယ်	၁၁၂
၂၁။	ဟန်ဆယ်နဲ့ ဂရက်တယ်	၁၂၂
၂၂။	ဆင်ဆာတ်ဒ်ရဲ့ ရေကြောင်းခရီးစဉ် ၇ ခု	၁၃၈
၂၃။	ကြောင်နဲ့ မြေခွေး	၁၇၆
၂၄။	အာရပ်နဲ့ ကုလားအုတ်	၁၇၇
၂၅။	ကြွက်များ တွေ့ဆုံစည်းဝေးပွဲ	၁၇၈

mgyoe.com

mgyoe.com

ညီဖွယ်ဖမ်းစားတဲ့ မြင်း

ရှေးရှေးတုန်းက သာယာလှပတဲ့ ပါးရှားပြည်မှာ နှစ်တစ်နှစ်ရဲ့ ပထမဆုံးနေ့ရက်ကို ပျော်ရွှင်စရာကောင်းတဲ့ နေ့ရက်အဖြစ် သတ်မှတ်လေ့ရှိခဲ့သတဲ့။ အဲဒီနေ့ကို ရောက်တဲ့အခါ ပါးရှားတစ်ပြည်လုံးမှာရှိတဲ့လူတွေဟာ သူတို့မှာရှိတဲ့ အံ့သြစရာပစ္စည်း အသစ်အဆန်းတွေကို စူလ်တန်ဘုရင်ရဲ့ ရှေ့မှောက်ကို ယူဆောင်လာကြပြီး ဘုရင်ကို လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သကြတယ်။

အဲဒီနေ့မှာ ပါးရှားကို ဆင်းရဲတဲ့အိန္ဒိယအမျိုးသားတစ်ဦး ရောက်လာတယ်...။ အဲဒီ အိန္ဒိယအမျိုးသားက သူ့ဆီမှာ

mgyoe.com

ထူးဆန်းတဲ့မြင်းတစ်ကောင် ရှိတဲ့အကြောင်း အားလုံးကို ကြေညာလိုက်တယ်...။ ပြီးတော့သူက "ကျုပ် မြင်းကိုတော့ ချီးကျူးတယ်ဗျာ၊ သူ့ပုံစံကိုချီးကျူးနေတာ မဟုတ်ဘူး၊ သူလုပ်နိုင်တဲ့ဟာကို ချီးကျူးနေတာပါ"။ "သူက ကျုပ်သွားချင်တဲ့ ဘယ်နေရာကိုမဆို ပို့ပေးတယ်....၊ တကယ်လို့ဘုရင်က ဒီမြင်းကို ယူချင်တယ်ဆိုရင် ဒီမြင်းရဲ့အစွမ်း ဘယ်လောက်ရှိတယ်ဆိုတာ ပြပေးမယ်..." လို့ပြောလိုက်တယ်။ မြင်းပိုင်ရှင်ရဲ့စကားကို ကြားတော့ ဘုရင်ကြီးက အခုလိုမိန့်တယ်..."ကောင်းပြီလေ၊ ဒီမြင်းကို မောင်မင်းက စီးပြီး ဟောဟိုနားက တောင်ကို ကျော်သွားလိုက်။ ပြီးရင် ငါ့ဆီကို ထန်းလက်တစ်လက် ယူပြီး ပြန်လာခဲ့...ဟုတ်ပြီလား"

ဘုရင့်စကားဆုံးတာနဲ့ အိန္ဒိယအမျိုးသားလည်း သူ့မြင်းပေါ်တက်ပြီး တောင်ကို ကျော်လွားနိုင်ဖို့ ဇက်ကုန်ဖွင့်လိုက်ပါတော့တယ်....။ ခဏအတွင်းမှာပဲ လူရောမြင်းပါ လေထဲရောက်ပြီး မြင်ကွင်းကနေ ပျောက်သွားတယ်....။ ဒီလိုနဲ့ မကြာပါဘူး၊ အိန္ဒိယ အမျိုးသားက သူ့မြင်းနဲ့အတူ ပြန်ပေါ်လာပြီး ဘုရင့်ရှေ့မှောက် ရောက်တာနဲ့ လက်ထဲ မှာ ကိုင်လာတဲ့ ထန်းလက်ကို ကမ်းပေးလိုက်တယ်....။ အဖြစ်အပျက် အစအဆုံးကို မြင်လိုက်ရတဲ့ ဘုရင်ကြီးက မြင်းကို ဝယ်ယူဖို့ ကမ်းလှမ်းလိုက်တယ်...။

ဒါပေမဲ့ အိန္ဒိယအမျိုးသားက မြင်းကို ငွေနဲ့မရောင်းချင်ဘူး။ ဒီတော့ ဘုရင်ကို ခုလို ပြောလိုက်တယ်....

"ကျွန်တော်မျိုး မြင်းကိုရောင်းတာ ငွေကိုတော့ မလိုချင်ဘူး၊ အဲဒီအစား ဘုရင်ကြီးရဲ့သမီးတော်ကိုပဲ ယူပါရစေ!"

အိန္ဒိယအမျိုးသားရဲ့ တောင်းဆိုစကားကို ကြားတော့ မတ်တတ်ရပ်ကြည့်နေ တဲ့ နန်းတွင်းအရာရှိတွေက ဟားတိုက်ရယ်မောကြတယ်....။ ဒီအဖြစ်အပျက်ကိုမြင် တွေ့နေတဲ့ စူလ်တန်ရဲ့သားတော် အိမ်ရှေ့စံကအိန္ဒိယအမျိုးသားရဲ့ တောင်းဆိုချက်ကို ဖခင်ကလိုက်လျောမှာ စိုးရိမ်နေသတဲ့။ ဒီတော့အိမ်ရှေ့စံက ဘုရင်ရဲ့အနားကိုကပ်ပြီး

"ခမည်းတော်ရဲ့သမီးတော်–ကျွန်တော်မျိုးရဲ့အစ်မ စော်ကားခံရအောင်တော့ မလုပ်ပါဘူးနော်!၊ ဒီလို သုံးမရတဲ့ လူမွဲနဲ့တော့ မပေးစားလိုက်ပါနဲ့..."လို့ ပြောလိုက် တယ်....

သားတော်ရဲ့စကားကိုကြားတော့ ဘုရင်ကြီးက ခုလိုပြောပြတယ်...

"သား! ဒီလူက ထူးဆန်းတဲ့ သူ့တိရစ္ဆာန်အတွက် ဆုလာဘ် လိုချင်နေတာ၊



အဲဒီထူးဆန်းတာက တကယ်လားဆိုတာကို သိချင်တယ်...။ ခမည်းတော်ကတော့ ဘယ် အိမ်ရှေ့စံမင်းသမီးကိုမှ အဲဒီလူနဲ့ မပေးစားချင်ပါဘူး...။ ဒီတော့ သူနဲ့အပေးအယူ မလုပ်ခင် သားတော်က သူ့မြင်းကို သူ့လို စီးကြည့်တာကို ခမည်းတော် မြင်ချင်တယ်ကွယ်...”

ဘုရင်က သားတော်ကို မြင်းစီးခိုင်းမယ့် အစီအစဉ်ကို အိန္ဒိယအမျိုးသားက သဘောတူလေတော့ အိမ်ရှေ့စံလည်း မြင်းပေါ် လွှားကနဲ ခုန်တက်လိုက်တယ်။ ပြီးတော့ ဆိုင်းကြိုးဆွဲပြီး လေထဲတက်သွားတယ်...။ အိန္ဒိယအမျိုးသားက အိမ်ရှေ့စံ ဘာလုပ်ရမယ်ဆိုတာ မမှာရသေးခင်မှာဘဲ မြင်းက လေထဲကို အမြင့်ကြီး တက်သွားပါတော့တယ်...။ အိမ်ရှေ့စံက မြင်းရဲ့ပထမဆိုင်းကြိုးကိုပဲ ဆွဲပြီး တက်သွားတာပါ။ ဒီအဖြစ်အပျက်ကိုတွေ့လိုက်ရတဲ့ အိန္ဒိယအမျိုးသားက စူလ်တန်ဘုရင်ကြီးဘက်ကို လှည့်ပြီး အလန့်တကြားနဲ့ ခုလိုပြောလိုက်တယ်....

“တကယ်လို့ အိမ်ရှေ့စံ အန္တရာယ်တစ်ခုခုဖြစ်ခဲ့ရင် ကျွန်တော်မျိုးကို အပြစ်မတင်ပါနဲ့လို့ ဆုတောင်းပါတယ်...၊ တကယ်လို့ ဘုရင်ကြီးရဲ့သားတော် အိမ်ရှေ့စံက ကျွန်တော်မျိုးကို အခွင့်အရေးပေးတယ်ဆိုရင် မြင်းနဲ့ပတ်သက်ပြီး သူ သိထားသင့်တဲ့ ဟာတွေကို ပြောပြပေးမလို့ပါ” “မြင်းရဲ့ဒုတိယဆိုင်ကြိုးကို သူ မတွေ့ဘူးဆိုရင်တော့ ဒီကိုပြန်ရောက်လာနိုင်မှာ မဟုတ်ပါဘူး....”

အိန္ဒိယအမျိုးသားရဲ့**စကားကို** ကြားတော့ စူလ်တန်ဘုရင် အကြီးအကျယ် ဒုက္ခရောက်သွားတယ်....။ အိန္ဒိယအမျိုးသားက ဘုရင်ကြီးကို စိတ်ငြိမ်ငြိမ်ထားဖို့ ဖျောင်းဖျတယ်။ ပြီးတော့သူက ဘုရင်ကြီးကို “စိုးရိမ်ကြောက်လန့်ခြင်း မရှိပါနဲ့ အရှင်မင်းကြီး၊ သူစီးသွားတဲ့မြင်းက သူ့ကိုဘေးကင်းလုံခြုံစွာနဲ့ ပင်လယ်ကို ဖြတ်ပြီး ကုန်းပေါ်ကို



mgyoe.com

ခေါ်ဆောင်သွားပေးမှာပါ..."လို့ ပြောလိုက်တယ်...

"မင်းပြောတာ မှန်ပါစေလို့ မျှော်လင့်တယ်...၊ ဒါပေမဲ့ မင်းပြောသလို မဟုတ်ခဲ့ရင်တော့ ငါ့သားတော် ပြန်လာတဲ့အထိ မင်းကို အကျဉ်းချထားမယ်..."လို့ ဘုရင်ကြီးကလည်း ပြန်ပြောတယ်...

အိမ်ရှေ့စံက အခုလေထဲကို မြင့်သထက် မြင့်တက် နေပါပြီ...။ သူက မြင်းကို ရပ်တန့်ဖို့ အကောင်းဆုံးကြိုးစား ပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ မြင်းရဲ့ ဒုတိယဆိုင်းကြိုးကို တွေ့သွားတယ်။ အိမ်ရှေ့စံက ဒုတိယမြောက်ဆိုင်းကြိုးကို ဖမ်းကိုင်လိုက်တယ်ဆိုရင်ပဲ မြင်းက အောက်ကိုတစ်ခါတည်း ထိုးဆင်းပါတော့တယ်။ ခဏအကြာ အိမ်ရှေ့စံကနန်းတော် ကြီးတစ်ခုရဲ့ခေါင်မိုးပေါ် သူ ရောက်နေတယ်ဆိုတာကို သိ လိုက်ရတယ်...။

အခုတော့အတော်လေးမှောင်လာပါပြီ။ ညဘက်ကို ရောက်ခဲ့ပြီပေါ့။ ခဏအကြာ အိမ်ရှေ့စံက လှေကားလေး တစ်ခုကို တွေ့လိုက်ရတယ်...၊ အဲဒီလှေကားက အခန်းကျဉ်း လေးတစ်ခုဆီသွားတဲ့ လှေကားပေါ့။ အိမ်ရှေ့စံက လှေကား အတိုင်း အခန်းလေးဆီကို တက်သွားလိုက်တော့ အခန်းဝမှာ အစောင့်လူသန်ကြီးတွေ အိပ်ပျော်နေတာကို တွေ့လိုက်ရတယ်။ အိမ်ရှေ့စံက အိပ်နေတဲ့ အစောင့်လူသန်ကြီးတွေ အနားကနေ သတိထားပြီး ဖြတ်သွားတယ်။ အစောင့်တွေကို ကျော်ပြီးတာနဲ့ အင်မတန်လှပတဲ့ အိမ်ရှေ့စံမင်းသမီးလေးရှိရာ အခန်းလေး ထဲကိုဝင်သွားလိုက်တယ်။ မင်းသမီးလေးရဲ့ဘေးပတ်ပတ် လည်မှာတော့ အိပ်ပျော်နေတဲ့ ရဲရွေတော် အမျိုးသမီးတွေကို တွေ့ရပြန်တယ်။ အိမ်ရှေ့စံကစဉ်းစားတယ်။ သူ့ရဲ့ဘေးကင်း လုံခြုံရေးကို မင်းသမီးကပဲ ကာကွယ်ပေးနိုင်မယ်လို့...၊ ဒီတော့ အိမ်ရှေ့စံက မင်းသမီးလေးကို နှိုးလိုက်တယ်...။

"မင်းသမီး ...ထပါဦးဗျ"

mgyoe.com

အသံကြားတော့ မင်းသမီးလေး မျက်လုံးပွင့်လာတယ်။

mgyoe.com

"ပါရှားပြည့်ရှင်ရဲ့သားတော် မင်းသမီးလေးရှေ့မှာ ရောက်နေတာကို တွေ့လား" "မင်းသမီးရဲ့နန်းတော်ကို တွေ့ပြီးဝင်လာတာမို့ မင်းသမီးကသာ ဘုရင့်သားတော်ကို စိတ်စေတနာထားပြီး မကူညီရင် အစောင့်တွေ၊ ကျွန်တွေရဲ့ပြုသမျှနှုရမယ့် အခြေအနေကို ရောက်ရတော့မယ်။"

အိမ်ရှေ့စံရဲ့စကားဆုံးတော့ မင်းသမီးလေးက ခုလိုပြန်ဖြေတယ်...

"အရှင့်သား၊ ကျွန်တော်မျိုးမက ဘင်္ဂလားပြည်ရဲ့ဘုရင့်သမီးတော်ဖြစ်တယ်...။ ဒါကြောင့် မင်းသား ဘာမှကြောက်စရာ မလိုပါဘူး၊ ဒီတိုင်းပြည်ထဲမှ လှိုက်လှိုက်လဲလဲ ကြုံဆိုခြင်းက လွဲပြီး သင်ဘာမှ ရှာမတွေ့နိုင်ပါဘူး...။ မင်းသားက အစာစားပြီး အနားယူဖို့လိုတယ်...။ မင်းသားအတွက် အစစလိုလေသေး မရှိအောင် ကျွန်တော်မျိုးမရဲ့အမျိုးသမီးတွေကို လွှတ်ပေးမယ်...၊ မနက်ကျမှ ရှင့်ရဲ့ထူးဆန်းတဲ့ ဇာတ်လမ်းကို ကျွန်မနားထောင်ပေးပါ့မယ်..."

နောက်တော့ မင်းသမီးလေးရဲ့ရံရွေတော်အမျိုးသမီးတွေက အိမ်ရှေ့စံကို

mgyoe.com

လုပတဲ့ပရိဘောဂတွေ၊ စားကောင်းသောက်ဖွယ်တွေ၊ အိပ်ရာကောင်းကောင်း ရှိနေတဲ့ အခန်းကျယ်ကြီးတစ်ခုဆီကို ခေါ်ဆောင်သွားကြတယ်...။

ဒီလိုနဲ့ အိမ်ရှေ့စံလည်း စားသောက်ပြီး ခဏကြာတာနဲ့ အိပ်ရာပေါ်လှဲရင်း အိပ်ပျော်သွားပါတော့တယ်။

မနက်ရောက်တော့ မင်းသမီးလေးက ခါတိုင်းထက်ပိုပြီး လှပနေအောင် ဝတ်စားထားသတဲ့...။

တကယ်တော့ ဘင်္ဂလားမင်းသမီးလေးက သူမဆီကို ထူးထူးဆန်းဆန်း ရောက်လာတဲ့ ပါးရှားဘုရင့်သားတော်ကို ချစ်ကြိုက်နေမိပါပြီ။

မင်းသမီးလေးက ဝတ်စားဆင်ယင် အလှပြင်ပြီး အဆင်သင့်ဖြစ်တဲ့အခါ သူမက ကျွန်တစ်ယောက်ကို ခုလို မှာလိုက်တယ်။

"ပါးရှားအိမ်ရှေ့စံဆီကို သွားပြီးမေးလိုက်၊ ငါသူ့ဆီ သွားတွေ့မှာကို လက်ခံဖို့ အဆင်သင့်ဖြစ်ပြီလားလို့!'

ဘင်္ဂလားမင်းသမီးဆီက သတင်းစကားကို ရပြီးတဲ့အခါ ပါးရှားအိမ်ရှေ့စံက မင်းသမီးကို ဝမ်းမြောက်ပျော်ရွှင်စွာနဲ့ ကြိုဆိုဖို့ အရံသင့်စောင့်ဆိုင်းနေလိုက်ပါတယ်။

မင်းသမီး ရောက်လာလို့ အပြန်အလှန် နှုတ်ဆက်ပြီးတဲ့နောက်မှာ ဘင်္ဂလားမင်းသမီးလေးက ခုလို စပြောလိုက်တယ်။

"အိမ်ရှေ့မင်းသား! ဒီအခန်းထဲကို ဘယ်သူမှ ဝင်မလာနိုင်လို့ ကျွန်မ ဒီကို ရောက်လာတာပါ။ ကျွန်မ နန်းတော်ထဲကို ရှင်ရောက်လာတာ ကြည်နူးမှုဖြစ်တယ်လို့ ရှင်က စပြောစေချင်တယ်"

အိမ်ရှေ့စံက မင်းသမီးလေးကို နှစ်သစ်ကူးတဲ့ ပထမဆုံးနေ့ရက်မှာ ပျော်ရွှင်ပွဲတွေ ကျင်းပနေတုန်း ဆင်းရဲတဲ့အိန္ဒိယအမျိုးသားတစ်ဦး ရောက်လာကြောင်း၊ သူ့ရဲ့ထူးဆန်းတဲ့မြင်းနဲ့ ပါးရှားရဲ့အိမ်ရှေ့စံမင်းသမီးကို အလဲအလှယ် လုပ်လိုတဲ့အကြောင်း၊ အိန္ဒိယအမျိုးသားရဲ့အပေးအယူကို ဘုရင်ကြီးက လက်ခံမှာကို အိမ်ရှေ့စံက စိုးရိမ်ခဲ့ရတဲ့အကြောင်း၊ နောက်တော့ အိမ်ရှေ့စံက ထူးဆန်းတဲ့ မြင်းကို စီးပြီး ဒုတိယဆိုင်းကြိုးမတွေ့ရလို့ လေထဲအမြင့်ဆုံးနေရာထိရောက်ခဲ့ရကြောင်း၊ နောက်မှမြင်းရဲ့ ဒုတိယဆိုင်းကြိုးကိုတွေ့ပြီး မြေပေါ်ဆင်းနိုင်လို့ ဘင်္ဂလားနန်းတော်ခေါင်မိုးပေါ် ရောက်ခဲ့ရကြောင်း၊ အဲဒီကနေတစ်ဆင့် လှေကားသေးသေးလေးအတိုင်း မင်းသမီးလေးရှိရာကို တက်ပြီး အခန်းဝအထိရောက်ခဲ့ကြောင်း၊ နောက်တော့အခန်းဝမှာ အိပ်ပျော်နေတဲ့

အစောင့်လူသန်ကြီးတွေ ရှေ့ကနေတိတ်တိတ်လေးဖြတ်ပြီး အခန်းထဲ ဝင်ခဲ့တဲ့အကြောင်း၊ အိမ်ရှေ့စံက သူရဲ့ဘေးကင်း လုံခြုံရေးအတွက် မင်းသမီးကို နှိုးခဲ့ရတဲ့အကြောင်း၊ မင်းသမီးကို တွေ့ပြီးတာနဲ့ မင်းသမီးရဲ့အလှအပနဲ့ သနားကြင်နာစိတ်ရှိခြင်းအပေါ် နှစ်သက်မြတ်နိုးမိတဲ့အကြောင်း စီကာပတ်ကုံးပြောပြလိုက်တယ်။ အိမ်ရှေ့စံရဲ့စကားကြောင့် ဘင်္ဂလားမင်းသမီးကလေး ရုက်သွေးဖြာပြီး ခုလို ပြန်ပြောတယ်။

"အရှင့်သား! အရှင့်သားပြောတဲ့ အဖြစ်အပျက်တွေကို ကျွန်မ စိတ်ဝင်တစားနဲ့ နားထောင်ပြီးပါပြီ။ အရှင့်သားရဲ့ အန္တရာယ်ကို ကျွန်မ တွေးမိပြီးကြောက် ရွံ့တုန်လှုပ်မိတယ်။ တကယ်တော့ ညှို့ဓာတ်ရှိတဲ့မြင်းက အရှင့်သားကို ကျွန်မနန်းတော်ဆီရောက်အောင် ခေါ်လာခဲ့တာပဲ။ ကျွန်မက ရှင့်နှလုံးသားကို သိမ်းပိုက်အနိုင်ယူလိုက်ပြီဆိုတာကို ကျွန်မ သိလိုက်တယ်။

အခု ညနေစာစားချိန် ရောက်ပြီဆိုတော့ ဘင်္ဂလားမင်းသမီးလေးက ဦးဆောင်ပြီးလှပတဲ့ ခန်းမတစ်ခုဆီ ဝင်သွားပြီး အရသာရှိလှတဲ့ အစားအသောက်တွေကို အိမ်ရှေ့စံနဲ့အတူထိုင်စားလိုက်ကြသတဲ့။ ညနေစာစားပြီးတဲ့နောက်မှာ မင်းသမီးကလေးက စပြောတယ်။ 'အရှင့်သား! အခုသင်က သင့်တိုင်းပြည်ကို ပြန်ဖို့စဉ်းစားနေတယ် မဟုတ်လား။ ဒါပေမဲ့ ကျွန်မရဲ့ဖခင် ဘုရင်ကြီးရဲ့နန်းတော်ကို မမြင်ဖူးသေးဘဲနဲ့ ပြန်မသွားသင့်ဘူး'

ဘင်္ဂလားမင်းသမီးလေးရဲ့စကားကို ပါးရှားဘုရင့်သားတော်က ဝမ်းမြောက်စွာ လက်ခံသဘောတူလိုက်တယ်။ ဒါပေမဲ့ ပါးရှားအိမ်ရှေ့စံက သူဝတ်နေကျ အဝတ်အစားတွေနဲ့ မင်းသမီးလေးရဲ့ဖခင် ဘင်္ဂလားဘုရင်ကြီးဆီသွား မတွေ့ချင်ပါဘူး။ ဒီတော့ မင်းသမီးလေးကို အကျိုးအကြောင်း ပြောပြလိုက်တယ်။ မင်းသမီးလေးက သူ့ဖခင် ပါးရှားအိမ်ရှေ့စံကို

mgyoe.com

mgyoe.com

တွေ့တာနဲ့ သမီးဖြစ်သူ မင်းသမီးလေးနဲ့ လက်ထပ်ခွင့်ပြုမှာပဲလို့ စဉ်းစားပြီး အိမ်ရှေ့စံ လိုအပ်တာ မှန်သမျှ အကုန်လုပ်ပေးမယ်လို့ ပြန်ပြောလိုက်တယ်။ ဘင်္ဂလားမင်းသမီးပြောတဲ့ အစီအစဉ်ကို အိမ်ရှေ့စံက သဘောမတူပါဘူး။ ဒီတော့ သူက ခုလိုပြောပြတယ်။

'မင်းသမီးသာ ခွင့်ပြုမယ်ဆိုရင် ကျုပ်ပါးရှားကို အရင်ဆုံးပြန်ပြီး ကျုပ် ဘေးကင်းလုံခြုံတဲ့အကြောင်း ဖခင်ဘုရင်ကြီးကို အသိပေးလိုက်ချင်တယ်။ ပြီးရင် ကျုပ်ဒီနန်းတော်ကို သူစိမ်းတစ်ယောက်အဖြစ် ပြန်လာမှာမဟုတ်ဘူး။ မင်းသမီးရဲ့ ကြင်ရာတော် အိမ်ရှေ့စံအဖြစ်နဲ့ ပြန်လာခဲ့မှာ။ ပြီးရင် ကျုပ်က မင်းသမီးကို လက်ထပ်ခွင့်တောင်းမယ်လေ!'

ပါးရှားအိမ်ရှေ့စံက ခုလို ခွင့်တောင်းနေပေမဲ့ မင်းသမီးလေးက သူ့ကို သွားခွင့်မပြုလို့ ဘင်္ဂလားနန်းတော်မှာပဲ ဆက်နေလိုက်တာ နှစ်လတင်းတင်း ပြည့်သွားခဲ့ပါတယ်။

ဒီတော့ နောက်ဆုံးမှာ ဘင်္ဂလားမင်းသမီးလေးကို တစ်ခါတည်း ခေါ်ဆောင်ပြီး ပါရှားကိုပြန်ဖို့ အိမ်ရှေ့စံက ဆုံးဖြတ်လိုက်တယ်။

အိမ်ရှေ့စံက ဘင်္ဂလားမင်းသမီးလေးကို သူစီးလာတဲ့ ညှို့ယူဖမ်းစားတဲ့ မြင်းပေါ်တင်လိုက်တယ်။ ပြီးမှ မင်းသမီးရဲ့ နောက်ကနေ တက်ထိုင်ပြီး မြင်းဆိုင်း ကြိုးကိုစဆွဲလိုက်တယ်။ မြင်းကလည်း လျင်မြန်တဲ့အရှိန်အဟုန်နဲ့ ပါးရှားဘုရင့်နန်းတော်ဆီ ခေါ်ဆောင်သွားခဲ့တယ်။

နန်းတော်ကိုရောက်တော့ အိမ်ရှေ့စံက ဘင်္ဂလားမင်းသမီးကို အထိန်းတော်တွေနဲ့ ထားခဲ့ပြီး သူမကို ဂရုစိုက်ကြဖို့ မှာသွားတယ်။ ပြီးတော့ အိမ်ရှေ့စံက သူ့ကို သေသွားပြီလို့ ထင်နေတဲ့ သူ့ဖခင်စူလ်တန်ဘုရင်ကြီးရှိရာ အိမ်တော်ဆီ ချဉ်းကပ်သွားလိုက်တယ်။

သားတော်အိမ်ရှေ့စံရဲ့ အဖြစ်အပျက်ဇာတ်လမ်းတွေကို နားထောင်ပြီးတဲ့နောက် ဘုရင်ကြီးက အိမ်ရှေ့စံသေဆုံးတဲ့

အထိမ်းအမှတ်နဲ့ နန်းတော်ထဲ ငိုကြွေးနေတဲ့အသံတွေကို တိတ်ခိုင်းလိုက်တယ်။ ပြီးတော့ ဘုရင်ကြီးက ကြေညာချက် တစ်ခုထုတ်ပြန်လိုက်တယ်။ အဲဒါကတော့ သားတော်နဲ့ ဘင်္ဂလားမင်းသမီးလေးကို သဘောတူရုံမက သားတော် နှစ်သက်မြတ်နိုးစွာချစ်တဲ့ မင်းသမီးလေးကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတာပါပဲ။

ဘုရင်ကြီးက ချွေးမလောင်းဆီသွားမတွေ့ခင် အိန္ဒိယအမျိုးသားကို အခေါ်တော်လွှတ်လိုက်တယ်။

သားတော် ဘေးကင်းလုံခြုံစွာနဲ့ ပြန်ရောက်မလာမချင်း အကျဉ်းချထားမယ်လို့ ပြောထားခဲ့တဲ့ စကားအရ အခုလို သားတော်ဘေးကင်းစွာနဲ့ ပြန်ရောက်လာလို့ အိန္ဒိယအမျိုးသားကို အကျဉ်းကနေလွှတ်ဖို့ ဘုရင်ကြီးက စီစဉ်လိုက်တာပါ။

ဘုရင်ကြီးက 'ကဲ...မင်းရဲ့မြင်းကိုယူပြီး သွားပေတော့၊ နောက်တစ်ခါ ငါ့ရဲ့ ပါးရှားနန်းတော်ဆီ လုံးဝမလာခဲ့နဲ့တော့!'..လို့ပြောလိုက်တယ်။

အိန္ဒိယအမျိုးသားက အပြန်လမ်းမှာ ခုလိုစဉ်းစားမိတယ်...။ သူအကျဉ်းထောင်ထဲမှာရှိနေတုန်း ပါးရှားဘုရင့်သားတော် နန်းတော်ကို ပြန်ရောက်လာတဲ့အကြောင်း၊ နန်းတော်ထဲ မဝင်ခင်မင်းသမီးကို တစ်နေရာမှာ ခဏထားခဲ့တဲ့ အကြောင်း၊ ဒီတော့အိန္ဒိယအမျိုးသားက ဘင်္ဂလားမင်းသမီးကို မြင်းပေါ်တင်ပြီး ပါးရှားဘုရင်ရှုလ်တန်နဲ့ အိမ်ရှေ့စံတို့ ခေါင်းပေါ်ကနေ ပျံသွားဖို့ရယ်။ ဘုရင်နဲ့အိမ်ရှေ့စံက မင်းသမီးကို တွေ့ပေမဲ့ ကယ်နိုင်မှာမဟုတ်ဘူးလို့ တွေးမိပြီး စဉ်းစားထားတဲ့အတိုင်း တကယ်လုပ်လိုက်တယ်။

ဒီအဖြစ်အပျက်ကိုတွေ့လိုက်ရတဲ့ ဘုရင်ကြီးက ဝမ်းနည်းပူဆွေးပြီး နန်းတော်ထဲ ပြန်ဝင်လာချိန်မှာ သူ့သားတော်က ယဇ်နတ်ဆရာပုံစံ အဝတ်အစားတွေဝတ်ပြီး မင်းသမီးခေါ်ဆောင်သွား ခံရတဲ့နေရာကို ရှာတွေ့ဖို့ရယ်... ကောက်ကျစ်တဲ့အိန္ဒိယအမျိုးသားက မင်းသမီးကို သူ့မယားလုပ်မှာကို ကယ်တင်နိုင်ဖို့အတွက် ထွက်သွားတာကို တွေ့လိုက်ရတယ်။

ကောက်ကျစ်တဲ့ အိန္ဒိယအမျိုးသားရဲ့အကြံစည်ကို သိလိုက်ရတဲ့ မင်းသမီးက အဲဒီအမျိုးသား ပြောတာတွေကို ငြင်းဆန်နေတော့ အိန္ဒိယအမျိုးသားက မင်းသမီးကို အကြမ်းဖက်ခြိမ်းခြောက်တာတွေ လုပ်ပါတော့တယ်။

တစ်နေ့မှာတော့ အိန္ဒိယအမျိုးသားရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေက ခါတိုင်းထက် ပိုဆိုးလာလို့ မင်းသမီးလေးက ဖြတ်သွားဖြတ်လာ မြင်းစီးသမားတွေ ကြား

လောက်အောင် အသံကုန်အော်ဟစ် အကူအညီတောင်းလိုက်တယ်။ မင်းသမီးရဲ့ အော်သံကြောင့် မြင်းစီးသမားတွေ အကူအညီပေးဖို့ ရောက်လာကြတယ်။ မြင်းစီးသမားတွေထဲက တစ်ယောက်ကတော့ ကက်ရှ်မီးယားဘုရင်ဖြစ်နေတာ တွေ့လိုက်ရတယ်။ သူကဘင်္ဂလားမင်းသမီးရဲ့ ပြောပြတာတွေကို နားထောင်ပြီးတာနဲ့ ကောက်ကျစ်တဲ့ အိန္ဒိယအမျိုးသားကို သတ်ပစ်လိုက်တယ်။

ကက်ရှ်မီးယားဘုရင်က ခုလိုကယ်တင်ပြီးတာနဲ့ မင်းသမီးကို သူ့နန်းတော်ဆီ ခေါ်သွားပြီး မင်းသမီးရဲ့ အံ့သြစရာကောင်းတဲ့ အလှအပကြောင့် သူလက်ထပ်လိုတဲ့ အကြောင်း ထုတ်ပြောလိုက်တယ်။ တကယ်တော့ ကက်ရှ်မီးယားဘုရင်က မင်းသမီးရဲ့ ဆန္ဒအမှန်ကို မမေးဘဲ တစ်ဖက်သတ်လက်ထပ်လိုတာကြောင့် အခုချက်ချင်းပျော်ပွဲရွှင်ပွဲတွေ ကျင်းပပြီး လက်ထပ်မင်္ဂလာ အခမ်းအနားလုပ်ဖို့ အမိန့်ထုတ်ပြန်လိုက်တယ်။

ဘင်္ဂလားမင်းသမီးလေးက ပါးရှားအိမ်ရှေ့စံကို လက်ထပ်မယ်လို့ ကတိပေးထားတာကြောင့် ကက်ရှ်မီးယားဘုရင်ကို လုံးဝယူလို့ မဖြစ်ဘူးလေ။ ဒီတော့ သူမကို အတင်းအကျပ် လက်ခံခိုင်းနေတာက နေရပ်တန်ဖို့ တစ်ခုခုလုပ်ရတော့မှာပေါ့။ ဒီတော့ သူမက ရူးသွားတဲ့ပုံစံနဲ့ ဟန်ဆောင်ပြလိုက်တယ်။ ရူးချင်ယောင်ဆောင်နေတဲ့ မင်းသမီးက သွက်သွက်ခါပြီး ထိန်းသိမ်းမရတဲ့ပုံစံ၊ ကြမ်းတမ်းတဲ့ပုံစံဖြစ်နေတော့ တိုင်းပြည်တစ်ခုလုံးမှာ ရှိသမျှ သမားတော်တွေအားလုံးကို ခေါ်ပြီးပြတာပေါ့။ ဒါပေမဲ့ ဘယ်သူမှ ကုစားနိုင်တာမရှိပါဘူး။ ဒီတော့နောက်ဆုံးမှာ ကက်ရှ်မီးယား စူလ်တန်က ဘင်္ဂလားမင်းသမီးကလေး ပြန်ပြီးကျန်းမာလာအောင် ကုစားပေးနိုင်တဲ့ သမားတော်ကို ဆုလာဘ်တွေ အများကြီးချီးမြှင့်မယ်လို့ အမိန့်ထုတ်လိုက်ပါတယ်။

ဒီသတင်းကိုကြားလိုက်ရတဲ့ ပါးရှားအိမ်ရှေ့စံအတွက်ကတော့ ဒါဟာ အခွင့်အရေးကောင်းတစ်ခုပေါ့။ ပါးရှားအိမ်ရှေ့စံက ကက်ရှ်မီးယား ဘုရင်ပြောတဲ့ မင်းသမီးလေးက သူပျောက်ဆုံးနေတဲ့မင်းသမီးပဲဖြစ်ရမယ်။ အခု သူမက နာမကျန်းဖြစ်နေမှာပဲဆိုပြီး ကက်ရှ်မီးယားကို ထွက်သွားလိုက်တယ်။

ကက်ရှ်မီးယားကိုရောက်တော့ ဘုရင်အလစ်ကို စောင့်ပြီးမင်းသမီးလေးရဲ့ အခန်းထဲကိုဝင်လိုက်တယ်။ မင်းသမီးလေးက ခုံမှာထိုင်လျက် သီချင်းဆိုနေသတဲ့။

သီချင်းစာသားတွေကတော့ ပါးရှားအိမ်ရှေ့စံကို သူမရဲ့အသည်းနှလုံးပေးခဲ့ပြီးပြီ ဆိုတဲ့စာသားတွေပါ။

ဘင်္ဂလားမင်းသမီးလေးက ပါးရှားအိမ်ရှေ့စံကိုမြင်တော့ နောက်ထပ်

mgyoe.com

သမားတော် ရောက်လာပြန်တယ်လို့ပဲ ထင်တာပေါ့၊ တကယ်တော့ ရုပ်ဖျက်ထားတဲ့ ပါးရှားအိမ်ရှေ့စံရဲ့ မုတ်ဆိတ်မွေးရှည်ကြီးတွေကြောင့် မမှတ်မိတာပါ။

သမားတော်ကို တွေ့လိုက်ရတော့ မင်းသမီးလေးက ဒေါသထွက်ပြပြန်တယ်။ ဒါပေမဲ့ အိမ်ရှေ့စံက မင်းသမီးလေးကြားနိုင်လောက်တဲ့ လေသံတိုးတိုးလေးနဲ့ သူက အိမ်ရှေ့စံဖြစ်တယ်ဆိုတဲ့အကြောင်း ပြောပြလိုက်တယ်။ မင်းသမီးက သူမကို လာကယ်တာဆိုတဲ့အကြောင်း သိသွားတော့ အသံတိတ်သွားတယ်။

ထိုအချိန်မှာ ကက်ရှ်မီးယား ဘုရင်ပြန်ဝင်လာတော့ သမားတော်အဖြစ် ဟန်ဆောင်ထားတဲ့ ပါးရှားအိမ်ရှေ့စံက မင်းသမီးကို သူ့ကိုယ်ပိုင်နည်းလမ်းနဲ့ ကုစားပေးမယ်လို့ ခွင့်တောင်းလိုက်တယ်။ ပြီးတော့ အိမ်ရှေ့စံက ကက်ရှ်မီးယား စူလ်တန်ကို ခုလို ဆက်မေးတယ်။ 'ဘင်္ဂလားမင်းသမီးကလေးက ဒီလောက်ဝေးတဲ့ နေရာကနေ ဒီကက်ရှ်မီးယားနန်းတော်ထဲကို ဘယ်လိုရောက်လာတာလဲ ဆိုတာကို ကျွန်ုပ် သိရရှင် ကုသဖို့ နည်းလမ်းက ပိုပြီးအစွမ်းထက်ပါလိမ့်မယ်'

ဒီစကားကို ကက်ရှ်မီးယားစူလ်တန်က မင်းသမီးကို ကောက်ကျစ်တဲ့ အိန္ဒိယ

အမျိုးသားတစ်ဦးက ညှို့ယူဖမ်းစားနိုင်တဲ့ မြင်းပေါ်ကတင်ပြီး ခေါ်ဆောင်သွားတာတွေ၊ အဲဒီမြင်းကို အိန္ဒိယအမျိုးသားက ရတနာတစ်ပါးလို သဘောထားတာတွေကို အိမ်ရှေ့စံသိအောင် ပြောပြလိုက်တယ်။

'အဲဒီမြင်းပဲပေါ့ဗျာ ...ဒုက္ခတွေအကြီးအကျယ်ပေးလွန်းတာ' 'မင်းသမီးလေးက အဲဒီမြင်းပေါ်တက်လိုက်တာနဲ့ အညှို့ခံရတော့တယ်။ ဒါပေမဲ့ အဲဒီမြင်းရဲ့ အကူအညီနဲ့ ကျွန်ုပ် သူမကိုကုစားပေးနိုင်ပါတယ်။ ဒီတော့ မင်းကြီးက အမိန့်ပေးလိုက်ပါ၊ နန်းတော်ရှေ့က ရင်ပြင်ပေါ်မြင်းကို ခေါ်ထားဖို့...'လို့ အိမ်ရှေ့စံက ဘုရင်ကို ပြောလိုက်တယ်...

နောက်တစ်နေ့ နံနက်မှာတော့ ညှို့ယူဖမ်းစားတဲ့မြင်းက နန်းတော်ရှေ့ ရင်ပြင်မှာ ရောက်နေတာကို တွေ့လိုက်ရတယ်။ နန်းတော်အရာရှိတွေနဲ့ ပြည်သူတွေက မြင်းရဲ့ ဘေးပတ်ပတ်လည်မှာ ဝိုင်းကြည့်နေကြတယ်။

သူတို့ ကြည့်ချင်တာကတော့ သမားတော်အသစ်က ဘင်္ဂလားမင်းသမီးရဲ့ ရူးနှမ်းတဲ့ရောဂါကို ပျောက်အောင်ကုပေးမယ့်ပုံကိုပေါ့။

ခဏအကြာမှာ တန်ဖိုးကြီးမားတဲ့ အဝတ်အစားတွေကိုဝတ်ပြီး လည်ပင်းနဲ့ခါးမှာ တဖျပ်ဖျပ်တောက်ပနေတဲ့ ရတနာတွေ ဆင်မြန်းထားတဲ့ မင်းသမီးလေးက ရဲတိုက်

ထဲကနေ ထွက်လာတယ်။ မင်းသမီးလေးရဲ့နောက်မှာတော့ ရဲရွေတော်တွေက အရံသင့်ရှိနေတဲ့ မြင်းပေါ် ဝိုင်းမပြီးတင်ပေးကြတယ်။

စူလ်တန်နဲ့ သူရဲ့မင်းညီမင်းသားတွေက ရင်ပြင်ရဲ့ခုံပေါ်မှာ ထိုင်ပြီးကြည့်နေကြတာပေါ့။

ထိုအချိန်မှာ သမားတော် ဟန်ဆောင်ထားတဲ့ ပါရှားအိမ်ရှေ့စံကမြင်း ကို ၃ ကြိမ်တိတိပတ်ပြီး လမ်းလျှောက်လိုက်တယ်။ သမားတော်က သူ့ရင်ဘတ်တည့်တည့်နေရာမှာ လက်ပိုက်လျက်အနေအထားနဲ့ပေါ့။ နောက်ပြီး သမားတော်ရဲ့ ပါးစပ်ကနေ ထူးခြားတဲ့စကားလုံးတွေ ရွတ်နေတာကို စူလ်တန်အပါအဝင်အားလုံးက စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြတာပေါ့။

နောက်တော့ သူ့တောင်းဆိုချက်အတိုင်း နန်းတွင်းလူတွေက မြင်းပတ်ပတ်လည်မှာ မီးအိုးတွေကို ချထားလိုက်ကြတယ်...။

နောက်တော့ သမားတော်က မြင်းပေါ် တက်ပြီး မင်းသမီးရဲ့နောက်ကနေလိုက်တယ်...

မီးအိုးထဲကနေ ထူထဲတဲ့ မီးခိုးလုံးတွေထွက်လာတော့ သမားတော်နဲ့ မြင်းပေါ်ထိုင်နေတဲ့ မင်းသမီးကို စူလ်တန်တို့ တစ်ဖွဲ့လုံးမမြင်ရတော့ဘူး ဖြစ်သွားတယ်။

ပါးရှားအိမ်ရှေ့စံက မြင်းဆိုင်းကြိုးကို ဆွဲလိုက်တာနဲ့ တစ်ဟုန်ထိုးလေထဲကို တက်သွားပါတော့တယ်...။

မီးခိုးတွေကြောင့် ဘာမှမမြင်ရတဲ့ စူလ်တန်ကို ပါးရှား အိမ်ရှေ့စံက ခုလို အော်ပြောလိုက်တယ်....။

"ကက်ရှ်မီးယားစူလ်တန်! နောက်တစ်ကြိမ် မိန်းမပျိုတစ်ဦးကို လက်ထပ်ချင်တယ်ဆိုရင် သူမရဲ့ဆန္ဒသဘောထားကို အရင်မေးတာက အကောင်းဆုံးဖြစ်လိမ့်မယ်...သိလား!

ညှို့ယူဖမ်းစားတဲ့ မြင်းက မကြာခင်မှာပဲ အိမ်ရှေ့စံနဲ့ ဘင်္ဂလားမင်းသမီးလေးကို ပါးရှားဆီ ပြန်ပို့ပေးလိုက်ပါတယ်...။ ပါးရှားရောက်တာနဲ့ တစ်ပြိုင်တည်း ဘင်္ဂလား မင်းသမီးလေးကို ပါးရှားအိမ်ရှေ့စံက လက်ထပ်လိုက်တယ်...။

ပါးရှားစူလ်တန်က လိုလားလက်ခံသလို ဘင်္ဂလားဘုရင်ကြီးကလည်း ရဲရင့်တဲ့သူရဲကောင်းကို သမီးတော်ကရွေးချယ်နိုင်လို့ ဂုဏ်ယူဝမ်းမြောက်နေသတဲ့။

* * *

mgyoe.com

mgyoe.com

(အီစွတ်ပုံပြင်)

မြေခွေးနဲ့ ကျီးအ

ကျီးအတွေဟာ တိမ်းမည်းတွေထဲက ပန်းရောင်ကောင်းကင်ကို ဖြတ်ပြီး သစ်ပင်ထိပ်ဖျားပေါ်မှာရှိတဲ့ သူတို့ရဲ့ မသပ်ရပ်တဲ့အိမ်တွေဆီကိုပျံသွားတိုင်း လေထဲမှာ သူတို့ရဲ့ အသံတွေက ဆူညံနေလေ့ရှိပါတယ်။ ကျီးအတွေကို အသက်ကြီးပြီး သြဇာညောင်းတဲ့ မီးခိုးရောင်ငှက်ကြီးတစ်ကောင်က ဦးဆောင်ပြီး ခေါ်သွားလေ့ရှိတယ်။အဲဒီငှက်ကြီးရဲ့ စကားတိုင်းက ကျီးအတွေလိုက်နာရမယ့် ဥပဒေစည်းကမ်းတွေ ဖြစ်သတဲ့။ အဲဒီငှက်ကြီးရဲ့နောက်ကနေ ကပ်လိုက်လာတဲ့ သူတွေကတော့ ကြီးစဉ်ငယ်လတ် ကျီးအမိသားစုတွေပေါ့၊ ကျီးအလေးတွေကတော့ မကြာသေးခင် နွေဦးကာလကမှ ဥကနေပေါက်လာသူတွေပါ။

ကျီးအ ပျိုတွေက အတောင်ပေါက်စလေးတွေအပေါ် စိတ်မရှည်တတ်ကြဘူး။ သူတို့က နုပျိုပြီး အားသန်တဲ့ အရွယ်ရောက် ကျီးအတွေ ဖြစ်တာကြောင့်ရယ်..၊ အော်တဲ့အသံအောင်တာကြောင့်ရယ်...မာနကြီးနေတဲ့သူတွေပေါ့။

ငှက်အုပ်ကြီးရဲ့နောက်မှာ နောက်ကျကျန်ရစ်နေတဲ့သူ

mgyoe.com

ကတော့ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းနေတဲ့ ကျီးအမတစ်ကောင်ပဲ ဖြစ်ပါတယ်။

ကျီးအမအနေနဲ့ သူ့ကိုယ်သူယုံကြည်မှုရှိတာကြောင့် အလျင်စလိုပြန်စရာမလိုဘဲ သူလိုချင်တဲ့အရာ ဘာကိုမဆိုအလွယ်တကူရ ယူစားသောက်နိုင်တာကြောင့် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတာပေါ့။ သူမက တောင်ပံကိုလေးတွဲစွာဖြန့်လိုက်ရင်း သူမရဲ့တောက်ပတဲ့ မျက်လုံးအစုံက ပွင့်နေတဲ့ အိမ်ပြတင်းပေါက်တစ်ခုဆီရောက်သွားတယ်။ အဲဒါ ဘာလဲဆိုတာစုံစမ်းဖို့ သူမ ဆုံးဖြတ်လိုက်တယ်။



ကျီးအ မက ပြတင်းပေါက်ကို ဖြတ်ပျံရင်းပြတင်းပေါက်ကနေအထဲကို ကြည့်လိုက်တော့ အခန်းရဲ့စားပွဲပေါ်မှာ စားကောင်းသောက်ဖွယ်တွေ တင်ထားတာကို တွေ့လိုက်ရတယ်။ ဒီတော့ ကျီးအမက နောက်ကြောင်းပြန်လှည့်ပြီး ပွင့်နေတဲ့ပြတင်းပေါက်အတိုင်း အခန်းထဲကို ဝင်သွားလိုက်တယ်။

ပြီးတော့ စားပွဲပေါ်မှာရှိတဲ့ဟင်းပွဲထဲကနေ အကြီးဆုံးအမဲသားတစ်တုံးကို ချိုလိုက်တယ်။ စိတ်လှုပ်ရှားလွန်းနေလို့ သူမ ရင်တွေ တဒုန်းဒုန်းခုန်နေပါပြီ။ ဒီတော့ သူမက ရထားတဲ့ အမဲသားတုံးကြီးကို သစ်ကိုင်းငယ်တစ်ခုဆီ ချီသွားလိုက်တယ်။ အမဲသားတုံးက ကြီးလွန်းတော့ ကျီးအမလည်း အသက်ရှူသံပြင်းပြင်းနဲ့ အမဲတုံးကို သစ်ကိုင်းပေါ် အသာချလိုက်တယ်။ သူမရဲ့တောက်ပနေတဲ့ မျက်လုံးအစုံက ကျေနပ်မှုရှိတဲ့လောဘမီးကြောင့် တဖျပ်ဖျပ်အရောင် တောက်ပနေပါတယ်။

ထိုအချိန်မှာ ကျလုဆဲနေရောင်ခြည်က သစ်ကိုင်းတွေကို အလင်းရောင်ကျစေလို့ ထင်းရှူးရွက်တွေကြားက ထွက်လာတဲ့နေပြောက်ဟာ သစ်ပင်အောက်မှာ အညိုရောင်ကွက်တစ်ခုကို ဖြစ်လာစေပါတယ်။ တကယ်တော့ အဲဒီအညိုရောင်ကွက်ဟာ နေရောင်ကြောင့်ဖြစ်လာတာ မဟုတ်ပါဘူး၊ အညိုရောင်ကွက် သဏ္ဌာန်က တိတ်တဆိတ်ဖြည်းညင်းစွာနဲ့ သစ်ပင်အောက်ကို ရွေ့လျားနေပါတယ်။ နေဝင်သွားတာနဲ့ စောစောက အညိုရောင်အကွက်က မြေခွေးတစ်ကောင်ဖြစ်နေတယ်ဆိုတာ သိရပါပြီ။

မြေခွေးအတွက် ညပိုင်းအမဲလိုက်ရမဲ့အချိန်က စောနေသေးပေမဲ့ မြေခွေးကဗိုက်ဆာနေပါပြီ။ မြေခွေးက ရုတ်တရက်သစ်ပင်ပေါ်ကို ကြည့်လိုက်မိတဲ့အခါ ကျီးအ တစ်ကောင်က အမဲသားတုံးကို ဖဲ့စားနေတာ တွေ့လိုက်ရသတဲ့။

ဒါကို မြင်တော့ မြေခွေးက အားကျပြီး သွားရည်ယိုသွားတာပေါ့။

mgyoe.com

ကျီးအမ ကလည်း အစာစားရင်း သစ်ပင်အောက်ကို ငုံ့ကြည့်ပြီး မြေခွေးကို မထီမဲ့မြင်၊ အထင်သေးတဲ့ဟန်လည်း ပြတယ်။ တကယ်တော့ ကျီးအမက မြေခွေးကို သာမန်သတ္တဝါလို့ပဲ ထင်နေတာပါ...၊ ဘာလို့လဲဆိုတော့ မြေခွေးဆီမှာ တောင်ပံမပါလို့ မပျံနိုင်တာကို အထင်သေးလိုက်တာပေါ့။

မြေခွေးက အပေါ်မော့ပြီးအသားတုံးကိုပဲ စူးစိုက်ကြည့်နေလိုက်တယ်။ သူ့ဦးနှောက်က အလျင်အမြန်အလုပ်လုပ်နေသလို သူ့ရဲ့ပယင်းရောင်မျက်လုံးတွေကလည်း အသက်ဝင်ပြီး တောက်ပလာပါတယ်။ နောက်တော့ မြေခွေးက ဒီအသားတုံးကို မရရအောင်ယူဖို့ ဆုံးဖြတ်လိုက်တယ်။

မြေခွေးက သူ့လက်ဝါးကို လျှာနဲ့လျက်ချိန်မှာ သူ့ကိုယ်ပေါ်က လှပတဲ့အမွေးအမှင်တွေက ဘယ်ညာညင်သာစွာနဲ့ ယိမ်းနေပါတယ်။ နောက်တော့ မြေခွေးက ကျီးအကို မော့ပြီး ပြုံးပြလိုက်တယ်...၊ ပြီးတော့ သူက နူးညံ့ညင်သာတဲ့လေသံနဲ့ ခုလို ပြောလိုက်တယ်။

"ငါ အခု မြင်နေရတဲ့ မြင်ကွင်းက သိပ်လှတာပဲ!'

ဒီအခါ ကျီးအမ က ခေါင်းကိုဆတ်ကနဲထောင်ပြီး တစ်ဖက်ကို ကြည့်လိုက်တယ်။ ပြီးတော့ အောက်ကိုပြူးပြီး ပြန်ကြည့်တယ်။ ဒါပေမဲ့ ကျီးအက ဟိုဒီကြည့်နေပေမဲ့ နှုတ်သီးမှာကိုက်ထားတဲ့ အမဲသားတုံး လုံးဝမလွတ်ပါဘူး။ အသားတုံးကို မြဲနေအောင် ကိုက်ထားတာပေါ့။

နောက်တော့ ကျီးအမက မြေခွေးပြောတာတွေကို ခုလို ကြားလိုက်ရတယ်။

"ငါ တကယ်ပြောတာပါ။ ဒီလိုလှပတဲ့ တောင်ပံတွေက နတ်ပြည်အသိုက်ထဲက လာတာပဲ ဖြစ်ရမယ်....၊ မျက်လုံးတွေကို ကြည့်လိုက်တော့လည်း နူးညံ့သိမ်မွေ့တဲ့အဓိပ္ပာယ်နဲ့ အရည်လဲ့နေတယ်...၊ မျက်လုံးလေးတွေက ကြယ်လေးတွေနဲ့ တောင်တူနေတယ်..."

မြေခွေးရဲ့ မြှောက်ပင့်ပြောစကားကို ကြားရတဲ့ ကျီးအမ က နည်းနည်းတော့ဂနာမငြိမ် ဖြစ်သွားပြီး အခုလို စဉ်းစားလိုက်တယ်...

"ငါများ မှားသွားပြီလား မသိဘူး၊ ကြည့်ရတာ မြေခွေးက အတင့်တယ်ဆုံးနဲ့စဉ်းစားတွေးခေါ်ဉာဏ် အရှိဆုံးဖြစ်မယ် ထင်တယ်..."

မြေခွေးက အသက်တစ်ချက်ရှူပြီး ဆက်ပြောလိုက်တယ်။

"တကယ်လို့သာ ရေကန်ထဲက ဘဲငန်းတွေသာ ဒီလိုလှပတဲ့ အခြေအနေ

mgyoe.com

ကိုတွေ့ရင် မနာလိုဖြစ်မှာ ကျိန်းသေတယ်..."

မြေခွေး ပြောစကားကြောင့် ကျီးအမ က အမွေးအတောင်တွေကို လှုပအောင်သပ်လိုက်တယ်၊ ဒါပေမဲ့ နှုတ်သီးမှာ ကိုက်ထားတဲ့ အမဲသားတုံးကိုတော့ လုံးဝလွှတ် မချပါဘူး။ ဒီအမြှောက်အပင့်ကြိုက်တဲ့ ကျီးအမ က မြေခွေး ပြောလာမယ့် စကားတွေကို မျှော်လင့်တကြီးနဲ့ စောင့်မျှော်နေလိုက်ပါတယ်...၊ မြေခွေးကလည်း ဆက်ပြောပြန်တယ်။

"သူ့နှုတ်သီးလေးကလည်း ချောမွေ့လှပတောက်ပြောင်နေတာပဲ၊ ခြေထောက်ကို ကြည့်တော့လည်း တင့်တယ်လိုက်တာ။ ငါတွေ့ဖူး၊ ကြားဖူးတဲ့အထဲမှာတော့ တော်တော်အံ့သြစရာကောင်းလှတဲ့ ဒီလိုကျီးအမျိုး လုံးဝမရှိဘူး"

ကျီးအမ က ညာဘက်ကို တစ်လှမ်းရွှေ့လိုက်ပြီး နဂို နားနေတဲ့ နေရာကနေ ရွှေ့လိုက်ပေမဲ့ သူ့နှုတ်သီးက အသားတုံးကို လုံးဝမချသေးပါဘူး။ မြေခွေးကလည်း ဇွဲကောင်းကောင်းနဲ့ ဆက်ပြောပြန်တယ်။

"အင်း၊ သူမက နိုက်တင်ဂေးဒ့ဂ်လိုမျိုး သီချင်းဆိုတာ အသံကောင်းတယ်...။ တစ်ခြားဒ့ဂ်တွေဆို ဒီလိုမျိုး သီချင်းဆိုနိုင်တာ မဟုတ်ဘူး၊ တကယ်လို့များ အခုနေ သီချင်းဆိုပြလိုက်မယ်ဆိုရင် ဒ့ဂ်တွေအားလုံးထဲမှာ ဘုရင်မ ဖြစ်သွားမှာသေချာတယ်..."

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ ကျီးအမဟာ သူ့ရဲ့စိတ်ကို ရေရှည် မထိန်းနိုင်တော့ပါဘူး။ ဒီတော့ သူမက ခုလို ဆုံးဖြတ်မိတယ်....၊ မြေခွေးက ဂုဏ်သရေရှိတဲ့ အရည်အချင်း ရှိတဲ့သူလို့...။ ဒါကြောင့် ကျီးအမက မြေခွေးရဲ့စကားအတိုင်း ဒ့ဂ်တွေရဲ့ဘုရင်မဖြစ်ချင်တာကြောင့် သီချင်းဆိုပြဖို့ ဆုံးဖြတ်လိုက်တယ်...။ ဒီတော့ ဆက်ပြီး အသံတိတ်မနေတော့ဘဲ သူမရဲ့နှုတ်သီးကို အတတ်နိုင်ဆုံး အကျယ်ကြီးဟပြီး သီချင်း ဆိုလိုက်တယ်။'အား အား!'ဆိုတဲ့ ကျီးအမရဲ့ အသံ

mgyoe.com

mgyoe.com

ဆိုးကြီးက ကြားရသူအပေါင်းကို စိတ်ပျက်စေတာပေါ့။ ထို အချိန်မှာ မြေကြီးပေါ်ကို အသားတုံးဘုတ်ကနဲ ကျလာလို့ သစ်ပင် အောက်မှာ ရှိနေတဲ့မြေခွေးက စိတ်လှုပ်ရှားသွားပြီး ရုတ်တရက် ထအော်လိုက်တာပေါ့။

မြေခွေးလည်းကျလာတဲ့ အမဲသားတုံးပေါ် အမိအရ ခုန်အုပ်ပြီး သူ့ရဲ့သန်မာတဲ့မေးရိုးကြီးတွေနဲ့ ကိုက်ဖဲ့ပြီး အငမ်းမရ စားလိုက်ပါတော့တယ်။

အသားတုံးကို ကုန်အောင်စားပြီးတဲ့ မြေခွေး ပြေးထွက်သွား ချိန်မှာ ကျီးအမ က ဒေါသဖြစ်ဖြစ်နဲ့ 'အား အား...' လို့ အော်ပြီးကျန်ရစ်ခဲ့ရှာတယ်။ သူ့ ပါးစပ်ကလည်း မြေခွေးကို "ကောက်ကျစ်တဲ့ သူခိုးကောင်! ငါ့အသား ပြန်ပေးစမ်း!.... အား...အား! နင်က အကျင့်ယုတ်တဲ့ မြေခွေးသူခိုး!"...လို့ အော်နေပါတော့တယ်။

* * *

mgyoe.com